> **“ပြည်သူ့ကာကွယ်ရေးတပ်မတော် သစ္စာအဓိဋ္ဌာန် (၄) ချက်”**
>
> ၁။ ငါတို့သည် ပြည်ထောင်စုနှင့် ပြည်ထောင်စုသားများအပေါ် သစ္စာစောင့်သိပါမည်။
>
> ၂။ ငါတို့သည် ဖက်ဒရယ်ဒီမိုကရေစီတိုက်ပွဲအတွင်းကျဆုံးခဲ့ရသော သူရဲကောင်းများကို သစ္စာစောင့်သိပါမည်။
>
> ၃။ ငါတို့သည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ပါမည်။
>
> ၄။ ငါတို့သည် ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးအတွက် ငါတို့၏အသက်ကိုပွန်နှံလှူတ်ရန် အဓိဋ္ဌာန်ပြုပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားညီညွတ်ရေးအစိုးရ
အပတ်စဉ်သတင်းထုတ်ပြန်ချက် (၁၀/၂၀၂၃)

အမှတ်စဉ် (၁၀/၂၀၂၃) | http://www.nugmyanmar.org | ၂၀၂၃ ခုနှစ်၊ မတ်လ (၆) ရက်။

အမျိုးသားညီညွတ်ရေးအစိုးရအဖွဲ့သတင်း

၁။ တိုင်းပြည်တည်ငြိမ်မှုနှင့် နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို NUG အစိုးရကသာ အာမခံချက်ပေးနိုင်မည်ဖြစ်ကြောင်း ယာယီသမ္မတ ပြောကြား

လက်ရှိ အမျိုးသားညီညွတ်ရေးအစိုးရအနေဖြင့် တိုင်းရင်းသားလူမျိုးပေါင်းစုံဖြင့် ဖွဲ့စည်းထားပြီး ပိုမိုစုံလင်သော စုဖွဲ့မှုကိုလည်း တိုးချဲ့ဖို့ စိတ်ဆန္ဒရှိနေကြောင်း၊ NUG အစိုးရကသာ တိုင်းပြည်၏ တည်ငြိမ်မှုနှင့် နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို အာမခံချက် ပေးနိုင်မည်ဖြစ်ကြောင်း၊ အိမ်နီးချင်းနိုင်ငံများအနေဖြင့်လည်း စစ်အုပ်စု၏ အာဏာသိမ်းမှုနှင့် နေ့စဉ်နှင့်အမျှ ကျူးလွန်လျက်ရှိသည့် အကြမ်းဖက်လုပ်ရပ်များကြောင့် တိုင်းရင်းသားပြည်သူလူထုများ တွေ့ကြုံနေရသည့် အခက်အခဲနှင့် စိန်ခေါ်မှုများကိုစာနာပြီး ရပ်တည်ပေးကြစေလိုကြောင်း၊ အမျိုးသားညီညွတ်ရေးအစိုးရ ယာယီသမ္မတ ဒူဝါလရှီးလက ဖေဖော်ဝါရီ ၂၈ ရက် အမျိုးသားညီညွတ်ရေးအစိုးရ ၈ ကြိမ်မြောက် အစည်းအဝေးတွင် ပြောကြားခဲ့သည်။ https://bit.ly/3SXcGYI

ကာကွယ်ရေးဝန်ကြီးဌာန

၂။ ဗျူဟာမြောက်စစ်ဆင်မှုများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်သွားမည်ဟု NUG ကာကွယ် ရေးဝန်ကြီး ပြောကြား

စစ်တိုင်းနှင့်စစ်ဒေသ (၃) ခုလုံးမှ PDF တပ်ရင်းများ၊ ပကဖများ၊ LDF များ လက်တွဲပါဝင်ပြီး တနိုင်ငံလုံး အတိုင်းအတာဖြင့် တပြိုင်နက်တည်း ဟန်ချက်ညီစစ်ဆင်မှု အကြိမ် (၇၀) တိတိ ဖော်ဆောင် နိုင်ခဲ့ကြရာ တိုက်ပွဲပေါင်း (၇၀) အနက် (၆၅)ပွဲ ကို (၂၄)နာရီအတွင်း တပြိုင်တည်း ဟန်ချက်ညီ ဖော်ဆောင်နိုင်ခဲ့ကြောင်း၊ ဟန်ချက်ညီဗျူဟာမြောက်စစ်ဆင်မှုများ အရှိန်အဟုန်မြှင့် ထပ်မံဆောင်ရွက်သွားမည်ဟု အမျိုးသားညီညွတ်ရေးအစိုးရ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရည်မွန်က မတ်လ ၂ ရက် အပတ်စဉ် PDF ရဲဘော်များအားပြောကြားသည့်မိန့်ခွန်းတွင် ထည့်သွင်းပြောကြားခဲ့သည်။ https://bit.ly/3IVeH2O

၃။ ကာကွယ်ရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံတကာ လူသားချင်းဆိုင်ရာ ဥပဒေသင်တန်းများ ပို့ချလျက်ရှိ

ကာကွယ်ရေးဝန်ကြီးဌာနအနေဖြင့် Principles of Humanity အဖွဲ့၏ပံ့ပိုးကူညီမှုဖြင့် ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလမှစ၍ နိုင်ငံတကာလူသားချင်းဆိုင်ရာဥပဒေ (International Humanitarian Law) သင်တန်း များကို စစ်တိုင်းနှင့်စစ်ဒေသအသီးသီးတွင်တိုက်ပွဲဝင်နေကြသောကာကွယ်ရေးဝန်ကြီးဌာနလက်အောက်ရှိ ပြည်သူ့ကာကွယ်ရေးတပ်မတော် (People's Defence Force) တပ်ဖွဲ့ဝင်များနှင့် ပြည်သူ့ကာကွယ်ရေးအဖွဲ့ - ပကဖ (People's Defence Organization) အဖွဲ့ဝင်များ အတွက် ပို့ချပေးခဲ့ကြောင်း၊ အမျိုးသားညီညွတ်ရေးအစိုးရ ကာကွယ်ရေးဝန်ကြီးဌာနက ဖေဖော်ဝါရီ ၂၈ ရက်တွင် ထုတ်ပြန်ခဲ့သည်။

https://bit.ly/3YoOpvI



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားညီညွတ်ရေးအစိုးရ
ကာကွယ်ရေးဝန်ကြီးဌာန
mod@nugmyanmar.org

သတင်းထုတ်ပြန်ချက်
၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၈) ရက်

ကာကွယ်ရေးဝန်ကြီးဌာနက IHL သင်တန်းများ စီစဉ်ကျင်းပလျက်ရှိ

အမျိုးသားညီညွတ်ရေးအစိုးရ၊ ကာကွယ်ရေးဝန်ကြီးဌာနသည် Principles of Humanity အဖွဲ့၏ ပူးပေါင်းပံ့ပိုးကူညီမှုဖြင့် ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလမှစ၍ နိုင်ငံတကာလူသားချင်းဆိုင်ရာဥပဒေ (International Humanitarian Law) သင်တန်းများကို စီစဉ်ကျင်းပလျက်ရှိပါသည်။

အဆိုပါသင်တန်းများအား စစ်တိုင်းနှင့် စစ်ဒေသအသီးသီးတွင် တိုက်ပွဲဝင်နေကြသော ကာကွယ်ရေးဝန်ကြီးဌာနလက်အောက်ရှိ ပြည်သူ့ကာကွယ်ရေးတပ်မတော် (People's Defence Force) တပ်ဖွဲ့ဝင်များနှင့် ပြည်သူ့ကာကွယ်ရေးအဖွဲ့ - ပကဖ (People's Defence Organization) အဖွဲ့ဝင်များ အတွက် ပို့ချပေးခဲ့ခြင်း ဖြစ်ပါသည်။

ကာကွယ်ရေးဝန်ကြီးဌာန၏ အမိန့်စီးဆင်းမှုအောက်တွင်ရှိနေကြသော တိုက်ပွဲဝင်ရဲဘော်၊ ရဲမေများအနေနှင့် လက်နက်ကိုင်ပဋိပက္ခဆိုင်ရာ နိုင်ငံတကာစည်းကမ်းသတ်မှတ်ချက်များနှင့် စံချိန် စံညွှန်းများအတိုင်း တသွေမတိမ်း လိုက်နာကျင့်သုံးကြစေရန်အလို့ငှာ ဤသင်တန်းများကို စီစဉ်ကျင်းပခြင်း ဖြစ်ပါသည်။

ကာကွယ်ရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံတကာလူသားချင်းဆိုင်ရာဥပဒေသင်တန်းများကို မြန်မာနိုင်ငံတဝှမ်းရှိ ပြည်သူ့ကာကွယ်ရေးအဖွဲ့အစည်းများအတွက် ၂၀၂၃ ခုနှစ်အတွင်းတွင်သော်လည်းကောင်း၊ ၂၀၂၃ ခုနှစ်အလွန်တွင်သော်လည်းကောင်း ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း ထုတ်ပြန် ကြေညာအပ်ပါသည်။

ကာကွယ်ရေးဝန်ကြီးဌာန
အမျိုးသားညီညွတ်ရေးအစိုးရ

ကျန်းမာရေးဝန်ကြီးဌာန

၅။ စစ်အာဏာသိမ်းပြီး ၂ နှစ်အတွင်း ကျန်းမာရေးဝန်ထမ်း ၇၀ ဦးခန့် သတ်ဖြတ်ခံရပြီး ၉၀၀ ဦးခန့် ဖမ်းဆီးခံထားရကြောင်း NUG ထုတ်ပြန်

အကြမ်းဖက်စစ်တပ်က ကျန်းမာရေးဝန်ထမ်း ၇၈၀ ဦးကျော်ကို ထိခိုက်ဒဏ်ရာ ရအောင်လုပ်ခဲ့သည့်အပြင် တစ်နိုင်ငံလုံးမှ ဆေးရုံ၊ ဆေးခန်း (၁၆၀)ကျော်ကို ဖျက်ဆီးကျူးလွန်ခဲ့ပြီးကြောင်း၊ စစ်ကိုင်းတိုင်း၊ မကွေးတိုင်း၊ပဲခူးတိုင်းနှင့် ချင်းပြည်နယ်မှ ကျန်းမာရေးဝန်ထမ်းများနှင့် ဆေးရုံဆေးခန်းများကို အဓိကပစ်မှတ်ထား သတ်ဖြတ်မှုများပြုလုပ်ခဲ့ကြောင်း၊ အဆိုးရွားဆုံးလုပ်ရပ်များအနက် ပဲခူးတိုင်းဒေသကြီး၊ အုတ်ဖိုမြို့နယ်၊အေးမြ သာယာ တိုက်နယ်ဆေးရုံမှ CDM သူနာပြုဆရာမ ဒေါ်မေဖွန့်မိုးအား ဖမ်းဆီးခေါ်ဆောင်ခဲ့ပြီး စစ်ကြောရေးတွင် နှိပ်စက်ခဲ့သည့်အပြင် မုဒိမ်းကျင့် ပစ်ခတ်သတ်ဖြတ်ခဲ့ကြောင်း အမျိုးသားညီညွတ်ရေးအစိုးရ၊ ကျန်းမာရေးဝန်ကြီးဌာနက ဖေဖော်ဝါရီ ၂၈ ရက်တွင် ထုတ်ပြန်ခဲ့သည်။

အကြမ်းဖက်စစ်ကောင်စီအနေဖြင့် ကျန်းမာရေးကဏ္ဍအပေါ် ရည်ရွယ်ချက်ရှိရှိ ပစ်မှတ်ထား၍ အကြမ်းဖက် တိုက်ခိုက်နေခြင်းမှာ ဂျီနီဗာကွန်ဗန်းရှင်း၊ ကမ္ဘာ့ကုလသမဂ္ဂလုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်များ၊ နိုင်ငံတကာဥပဒေများနှင့် ပြည်တွင်းဥပဒေများအား ပြောင်ပြောင်တင်းတင်း ချိုးဖောက်နေခြင်းဖြစ်ပြီး အပြစ်မဲ့ကျဆုံးခဲ့ရသူများအတွက် တရားမျှတမှုကို မဖြစ်မနေ ပြန်လည်ရယူပေးမည်ဟု ကတိပြုကြောင်းထုတ်ပြန်ထားသည်။ https://bit.ly/3mgt0r1

အမွေအနှစ်ဆိုင်ရာ ကြားကာလစီမံအုပ်ချုပ်မှုဇဟို

၆။ မကွေးတိုင်းအတွင်း ဒေသ ၂၉ ခုမှာ စစ်ရေးမပြုလုပ်ဖို့ NUG အမွေအနှစ်ဆိုင်ရာကြားကာလစီမံအုပ်ချုပ်မှု ဇဟိုက ထုတ်ပြန်

မကွေးတိုင်းအတွင်း ဒေသ ၂၉ ခုတွင် ကုန်းကြောင်း၊ ရေကြောင်း၊ လေကြောင်း စစ်ရေးပြုလုပ်ခြင်း၊ စစ်ရေးပြုလုပ်ရန်အတွက် စခန်းနေရာချထား ခြင်း၊ လက်နက်ကြီးလက်နက်ငယ်များဖြင့် ပစ်ခတ်ခြင်း၊ မီးတင်ရှို့ခြင်း၊ ဖျက်ဆီးခြင်းစတဲ့ ပျက်စီးရန်ဆောင် ရွက်ခြင်း၊ ခိုးယူခြင်း၊ ရောင်းချခြင်း၊ ကုန်သွယ်ခြင်းနဲ့ ပြုပြင်ခြင်း၊ ပြင်ဆင်မွမ်းမံခြင်း၊ ပုံစံပြောင်းခြင်းစတဲ့ မူလအနေအထား ပျက်စီးစေရန်ကြံဆောင်ခြင်း လုပ်ဆောင်ခြင်းလုံးဝမပြုလုပ်ရန် အမွေအနှစ်ဆိုင်ရာ ကြားကာလစီမံအုပ်ချုပ်မှုဇဟိုက မတ်လ ၁ ရက်နေ့မှာ ထုတ်ပြန်ခဲ့ပါတယ်။ https://bit.ly/3kJmNDR

လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာန

၇။ မြန်မာနိုင်ငံတွင်း လူ့အခွင့်အရေးချိုးဖောက်ခံရမှုများအား ၅၂ ကြိမ်မြောက် ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီသို့ တိကျခိုင်လုံသည့်သက်သေများနှင့်တကွ အစီရင်ခံစာတင်သွင်း

အကြမ်းဖက်စစ်တပ်က ရည်ရွယ်ချက်ရှိရှိကျူးလွန်ခဲ့သည့် စစ်ပွဲဆိုင်ရာ ရာဇဝတ်မှုဖြစ်စဉ်များ၊ လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့်ဖြစ်စဉ်များ၊ ပြည်သူလူထုအပေါ် နှိပ်စက်ညှင်းပန်းခဲ့မှုများ စသည့် ကျူးလွန်ခဲ့သည့် ရာဇဝတ်မှုများကို တိကျခိုင်လုံသော သက်သေများစွာဖြင့် ၅၂ ကြိမ်မြောက် ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီသို့ အစီရင်ခံစာတင်သွင်းခဲ့ကြောင်း အမျိုးသားညီညွတ်ရေးအစိုးရ လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာနက ဖေဖော်ဝါရီ ၂၈ ရက်တွင်ထုတ်ပြန်ခဲ့သည်။

https://bit.ly/3SRD2ey

၈။ တာတိုင်ကျေးရွာမှ ပကဖခေါင်းဆောင် (၁) ဦးနှင့် အပြစ်မဲ့ ပြည်သူ (၁၄) ဦးကို ရက်ရက်စက်စက် သတ်ဖြတ်မှု ဓာတ်ပုံသက်သေများအား နိုင်ငံတကာအဖွဲ့အစည်းများသို့ပေးပို့

ထီးဆောင်းရွာတွင် အခြေချသော တပ်မ(၃၃) တပ်သားများသည် တာတိုင်ကျေးရွာနှင့် ပန်းချီကျေးရွာအား ဝင်ရောက်စီးနင်း၍ ပ.က.ဖခေါင်းဆောင် ရဲဘော်မိုက်ကယ် (ခ) ကိုကျော်ဇော်အား ဖမ်းဆီးကာ ခေါင်း၊ ခြေ နှင့် လက်များဖြတ်တောက်ပြီး ဗိုက်ဖောက်ထုတ်ကာ ရက်စက်စွာသတ်ဖြတ်ခဲ့ပြီးနောက် တာတိုင်ကျေးရွာမှ တပ်ဆုတ်ချိန် ဒေသခံအမျိုးသမီးအပါအဝင် (၁၅) ဦးအား လူသားဒိုင်းအဖြစ်ဖမ်းဆီးခေါ်ဆောင်သွားခဲ့ပြီး ရက်စက်စွာသတ်ဖြတ်ခဲ့ကြောင်း၊ ထို့အပြင် အိမ်ခြေ (၇၈) လုံးရှိသည့် တာတိုင်ကျေးရွာမှ အိမ်ခြေ (၆၀)အားလည်း မီးရှို့ဖျက်ဆီးခဲ့ကြောင်း၊ အကြမ်းဖက်စစ်တပ်၏ လူမဆန်စွာ သတ်ဖြတ်ထားသော ပုံများ၊ အပြစ်မဲ့ပြည်သူများအား အူထုတ်၊ ခေါင်းဖြတ်၊ လက်အစိတ်အပိုင်းများ ဖြတ်တောက်၍ သတ်ဖြတ်ထားသော သက်သေ ဓာတ်ပုံများအား ရရှိထားသော်လည်း အများပြည်သူ ကြည့်ရှုရန် မသင့်တော်သဖြင့် ထုတ်ပြန်ခြင်းမပြုကြောင်းနှင့် အဆိုပါ သက်သေဓာတ်ပုံများအား တရားစီရင်ရေးတွင် အရေးပါသော နိုင်ငံတကာအဖွဲ့အစည်းများသို့ အချိန်နှင့်တပြေးညီ ပေးပို့ပြီးဖြစ်ကြောင်း အမျိုးသားညီညွတ်ရေးအစိုးရ လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာနက မတ်လ ၁ ရက်တွင်ထုတ်ပြန်ခဲ့သည်။

https://bit.ly/3YoRvzR

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားညီညွတ်ရေးအစိုးရ
လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာန
https://mohr.nugmyanmar.org/
ထုတ်ပြန်ကြေငြာချက်အမှတ်(၃/၂၀၂၃)
၁၃၈၄ ခုနှစ်၊ တပေါင်း လဆန်း ၁၃ ရက်
(၂၀၂၃ ခုနှစ်၊ မတ်လ ၃ ရက်)

စစ်ကိုင်းတိုင်း၊ စစ်ကိုင်းမြို့နယ်၊ တာတိုင်ကျေးရွာမှ အရပ်သားပြည်သူများကို အကြမ်းဖက်စစ်အုပ်စုမှ ရက်စက်စွာ သတ်ဖြတ်မှုနှင့် ပတ်သက်သည့် ထုတ်ပြန်ကြေညာချက်

၁။ စစ်ကိုင်းတိုင်း၊ မြင်းမူမြို့နယ် ထီးဆောင်းကျေးရွာတွင် အထိုင်ချထားသည့် အကြမ်းဖက်စစ်အုပ်စု လက်အောက်ခံ အမှတ် (၃၃) ခြေမြန်တပ်မဌာနချုပ် တပ်ဖွဲ့ဝင်များသည် ၂၀၂၃ ခုနှစ်၊ မတ်လ (၁) ရက်နေ့တွင် မြင်းမူမြို့နယ်နှင့် စစ်ကိုင်းမြို့နယ် အတွင်းရှိ ကျေးရွာများကို ဝင်ရောက်စီးနင်းခဲ့သည်။ ထိုသို့စီးနင်းခဲ့ရာတွင် တာတိုင်ကျေးရွာ၊ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ ခေါင်းဆောင် ရဲဘော်မိုက်ကယ် (ခ) ကိုကျော်ဇောကို ဖမ်းဆီးရရှိခဲ့ပြီး ခေါင်းနှင့် ခြေလက်များ ဖြတ်တောက်ခြင်း၊ ဗိုက်ဖောက်ထုတ်ခြင်းများ ပြုလုပ်ပြီး ရက်စက်စွာ သတ်ဖြတ်ခဲ့ကြသည်။ မတ်လ (၂) ရက်နေ့တွင် တာတိုင်ကျေးရွာမှ ထွက်ခွာရာ၌ အမျိုးသမီးများအပါအဝင် ဒေသခံပြည်သူ (၁၅) ဦးကို လူသားဒိုင်းအဖြစ် ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည်။

၂။ လူသားဒိုင်းအဖြစ် ဖမ်းဆီးခေါ်ဆောင်ခံရသည့် ဒေသခံပြည်သူများအနက် ဒေသခံ ပြည်သူ အမျိုးသား (၅) ဦး၏ ရက်စက်စွာ သတ်ဖြတ်ခံထားရသည့် ရုပ်အလောင်းများကို မြင်းမူမြို့နယ်၊ ညောင်ရင်းကျေးရွာအနီးတွင် မတ်လ (၂) ရက်နေ့တွင် တွေ့ရှိခဲ့ရသည်။ ကျန်ဒေသခံပြည်သူ (၁၀) ဦးကို မြင်းမူမြို့နယ်၊ ညောင်ရင်းကျေးရွာဘက်သို့ ဦးတည်သည့် စစ်ကြောင်းအတွင်းတွင် ဆက်လက် ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည်။ ၎င်းတို့အနက် ဒေသခံပြည်သူ အမျိုးသမီး (၃) ဦးနှင့် အမျိုးသား (၆) ဦး၏ ရက်စက်စွာ သတ်ဖြတ်ခံထားရသည့် ရုပ်အလောင်းများကို မတ်လ (၂) ရက်နေ့ မွန်းလွဲပိုင်းတွင် စစ်ကိုင်း- မြင်းမူအစပ်ရှိ ကျွန်းပေါ်တံတားအနီးတွင် ဆက်လက်တွေ့ရှိခဲ့ ကြရသည်။

၃။ အကြမ်းဖက်စစ်အုပ်စု လက်အောက်ခံ တပ်ဖွဲ့များသည် ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ (၂) ရက် နေ့တွင် အိမ်ခြေ (၇၈) လုံးရှိသည့် တာတိုင်ကျေးရွာမှ အိမ်ခြေ (၆၀) ဝန်းကျင်ကို မီးရှို့ဖျက်ဆီးခဲ့ပြီး ဖြစ်သည်။

၄။ ယခုကဲ့သို့ အရပ်သားပြည်သူများအပေါ် ရည်ရွယ်ချက်ရှိရှိ လူမဆန်စွာ အကြမ်းဖက် သတ်ဖြတ်မှု ပြုလုပ်ခြင်းသည် အစုလိုက်အပြုံလိုက်သတ်ဖြတ်မှု၊ စစ်ရာဇဝတ်မှုများ၊ လူသားမျိုးနွယ် အပေါ်

1


ကျူးလွန်သည့် ရာဇဝတ်မှုများအပါအဝင် နိုင်ငံတကာ ရာဇဝတ်မှုများကို ချိုးဖောက်ခြင်း ဖြစ်သည့်အတွက် လူ့အခွင့်အရေးဆိုင်ရာ ဝန်ကြီးဌာနအနေဖြင့် ယခုဖြစ်စဉ်နှင့် ပတ်သက်ပြီး နိုင်ငံတကာ တရားစီရင်ရေး ဆိုင်ရာ ယန္တရားများထံ ပေးပို့ပြီးဖြစ်သည်။ ကျူးလွန်သူ အဆင့်ဆင့်အား အပြစ်ပေး အရေးယူလျက် တရားမျှတမှု ဖော်ဆောင်ရေး ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားမည် ဖြစ်သည်။

လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာန
အမျိုးသားညီညွတ်ရေးအစိုးရ

2

၉။ ကမ္ဘာလုံးဆိုင်ရာ နိုင်ငံအဆင့် လူ့အခွင့်အရေးဌာနများမဟာမိတ်အဖွဲ့က နှစ်ပတ်လည်အစည်း အဝေးသို့ စစ်ကောင်စီ၏ လူ့အခွင့်အရေးကော်မရှင်အား ဖိတ်ကြားခြင်းသည် မြန်မာပြည်သူလူထုကိုစော်ကားခြင်းဖြစ်ကြောင်း NUG ပြောကြား

မကြာခင်ကျင်းပမည့်ကမ္ဘာလုံးဆိုင်ရာ နိုင်ငံအဆင့်လူ့အခွင့်အရေးဌာနများ မဟာမိတ်အဖွဲ့ (GANHRI) ၏ နှစ်ပတ်လည်အစည်းအဝေးကို တက်ရောက်ရန် အကြမ်းဖက် စစ်ကောင်စီလက်အောက်ခံ လူ့အခွင့်အရေး ကော်မရှင်အား ဖိတ်ကြားမှုမှာ မြန်မာပြည်သူလူထုကို စော်ကားလိုက်ခြင်းဖြစ်ကြောင်း အမျိုးသားညီညွတ် ရေးအစိုးရ၊ လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မျိုးမင်းက မတ်လ ၃ ရက်တွင် ပြောကြားခဲ့သည်။

မြန်မာနိုင်ငံလူ့အခွင့်အရေးကော်မရှင်ဆိုတာ ကိုဗစ်ကာလကတည်းကငြိမ်ပြီးတော့ Quarantine ဝင်ထားသလို အခုချိန်ထိစစ်အာဏာရှင်က ရက်ရက်စက်စက် လုပ်ဆောင်နေတာကို တသံမှမထွက်ပဲငြိမ်နေတဲ့ အလုပ်မဖြစ်တဲ့၊ အလုပ်မလုပ်တဲ့၊ နိုင်ငံတကာစံချိန်စံညွှန်းနဲ့မညီတဲ့ ကော်မရှင်ကို ကမ္ဘာလုံးဆိုင်ရာ နိုင်ငံအဆင့် လူ့အခွင့်အရေးဌာနများ မဟာမိတ်အဖွဲ့(GANHRI) နှစ်ပတ်လည်အစည်းအဝေးကို တက်ရောက်ဖို့ အခုလို ဖိတ်ကြားခြင်းက မြန်မာပြည်သူလူထုကို စော်ကားလိုက်တာပဲ။ လူ့အခွင့်အရေး ကော်မရှင်အမည်ခံပြီး လူ့အခွင့်အရေးကိစ္စမလုပ်ဆောင်တဲ့ ကော်မရှင်တစ်ရပ်ကို အခုလိုဖိတ်ကြားခြင်းက မြန်မာနိုင်ငံလက်ရှိအခြေအနေ ဘယ်လောက်ထိဆိုးရွားနေတာမသိသလို လူ့အခွင့်အရေးမလုပ်တဲ့ ကော်မရှင်ကို ဖိတ်ကြားခြင်းက မှားယွင်းတဲ့ အကြောင်းအရာဖြစ်တယ်"ဟု ပြည်ထောင်စုဝန်ကြီးက ပြောကြားခဲ့သည်။

https://bit.ly/3ZlkC8h

ပြည်ထဲရေး နှင့် လူဝင်မှုကြီးကြပ်ရေးဝန်ကြီးဌာန

၁၀။ ပြည်ပရောက် မြန်မာနိုင်ငံသားများ၏ သားသမီးများကို မွေးစာရင်းလက်မှတ် ထုတ်ပေးသွားမည် ဖြစ်ကြောင်း NUG အသိပေးထုတ်ပြန်

ပြည်ပရောက်မြန်မာနိုင်ငံသားများ၏ သားသမီးများကို မွေးစာရင်းလက်မှတ် ထုတ်ပေးသွားမည်ဖြစ်ပြီး မတ်လ ၁ ရက်မှစတင်၍ စတင်လျှောက်ထားနိုင်ပြီဟု မျိုးသားညီညွတ်ရေးအစိုးရ ပြည်ထဲရေးနှင့် လူဝင်မှု ကြီးကြပ်ရေး ဝန်ကြီးဌာနက အသိပေးထုတ်ပြန်ခဲ့သည်။ https://bit.ly/3mq7e4f

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားညီညွတ်ရေးအစိုးရ
ပြည်ထဲရေး နှင့် လူဝင်မှုကြီးကြပ်ရေးဝန်ကြီးဌာန
https://mohai.nugmyanmar.org/

အမိန့်ကြေညာစာအမှတ် (၇/၂၀၂၃)
၁၃၈၄ ခုနှစ်၊ တပေါင်းလဆန်း(၁၁) ရက်
၂၀၂၃ ခုနှစ်၊ မတ်လ (၁) ရက်
ပြည်ပရောက်မြန်မာနိုင်ငံသားတို့၏ သားသမီးများအား မွေးစာရင်းလက်မှတ် ထုတ်ပေးခြင်း ကိစ္စနှင့် စပ်လျဉ်း၍ ပြည်သူလူထုသို့ အသိပေး ကြေညာခြင်း

၁။ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ(၁)ရက်နေ့တွင် မင်းအောင်လှိုင် ဦးဆောင်သော အကြမ်းဖက်စစ်တပ်မှ နိုင်ငံတော်အာဏာအား အဓမ္မလုယူသိမ်းပိုက်ခဲ့ပြီးနောက် နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ ကျန်းမာရေးနှင့် ပညာရေးအပါအဝင် ကဏ္ဍအသီးသီး၌ အလုံးစုံ ယိုယွင်းပျက်စီးလျက်ရှိကြောင်း ပြည်သူလူထုအများ သိရှိကြပြီးဖြစ်ပါသည်။ အမျိုးသားညီညွတ်ရေးအစိုးရအနေဖြင့် မြန်မာနိုင်ငံသား ပြည်သူလူထုများ ရင်ဆိုင်နေရသော စီးပွားပျက်ကပ်များ၊ လူနေမှုဘဝ မလုံခြုံမှုများ၊ ဘေးဒုက္ခများမှ လျော့ပါးသက်သာနိုင်ရေး အတွက် အဘက်ဘက်မှ အတတ်နိုင်ဆုံး ကြိုးစားဆောင်ရွက်လျက် ရှိပါသည်။

၂။ ထို့အတူ အမျိုးသားညီညွတ်ရေးအစိုးရ၊ ပြည်ထဲရေး နှင့် လူဝင်မှုကြီးကြပ်ရေး ဝန်ကြီးဌာန အနေဖြင့်လည်း အကြောင်းအမျိုးမျိုးကြောင့် ပြည်ပနိုင်ငံများသို့ ရောက်ရှိနေကြသော မြန်မာနိုင်ငံသား မိဘနှစ်ပါးမှ မွေးဖွားသည့်သားသမီးများအတွက် မွေးစာရင်း လက်မှတ် ထုတ်ပေးရေး လုပ်ငန်းအား **၂၀၂၃ ခုနှစ်၊ မတ် လ (၁) ရက် နေ့မှစ၍** ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသဖြင့် ပြည်ပရောက် မြန်မာနိုင်ငံသားများသိရှိ၊ လျှောက်ထား ဆောင်ရွက်နိုင်ရေး ဤကြေညာချက်အား အသိပေး ထုတ်ပြန် ရခြင်း ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ ပြည်ပရောက် မြန်မာနိုင်ငံသားများအနေဖြင့် မိမိတို့ သား/သမီးများအတွက် မွေးစာရင်းလက်မှတ် လျှောက်ထားထုတ်ယူနိုင်ရေးအတွက် ပြည်ထဲရေးနှင့် လူဝင်မှုကြီးကြပ်ရေး ဝန်ကြီးဌာန၏ website လိပ်စာ https://mohai.nugmyanmar.org/ နှင့် Immigration Department of MoHAI-NUG Facebook page တို့သို့ ဆက်သွယ်ချိတ်ဆက်၍ ဆောင်ရွက်နိုင်ပြီ ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

လွင်ကိုလတ်
ပြည်ထောင်စုဝန်ကြီး
ပြည်ထဲရေးနှင့် လူဝင်မှုကြီးကြပ်ရေး ဝန်ကြီးဌာန
အမျိုးသားညီညွတ်ရေး အစိုးရ